# Midnight Blue

မယ်လွင့်



# Midnight Blue

## မယ်လွင့်

## မမယ်လွင့်အတွက် အမှတ်တရ

မမယ်လွင့်က သူ့စာအုပ်အတွက် အမှာစာ ရေးပေးဖို့ ကျွန်တော့်ကို messenger ကနေ ပြောလာခဲ့တယ်။ ကျွန်တော်က ပြန်ပြောမိခဲ့၊ ကျွန်တော်ဟာ ဘာကောင်မှမ ဟုတ်လို့ အမှာစာ မရေး ပါရစေနဲ့လို့။ ဒါပေမဲ့ သူက တစ်ခွန်းပဲ ပြန်ပြောခဲ့၊ သူ့စာအုပ်မှာ သူ ရေးစေချင်တဲ့သူကို သူရေးခိုင်းမှာပဲတဲ့။ ဟုတ်ကဲ့၊ ကျွန်တော့်အနေနဲ့ ဒီစာဟာ အမှာစာ မဟုတ်ပါဘူး။ ကျွန်တော်နဲ့ ခင်မင် ရင်းနှီးတဲ့သူ တစ်ယောက်ရဲ့ Midnight Blue စာအုပ် အကြောင်း အမှတ်တရ ရေးပေးခြင်းပဲ ဖြစ်ပါတယ်။

Midnight Blue ထဲက အရေးအသား တွေထဲမှာ လိင်ပိုင်းဆိုင်ရာ အငွေ့အသက်တွေကို အများအပြား တွေ့ရှိရမှာ ဖြစ်ပါတယ်။ အပြာစာအုပ် တွေနဲ့ ယခုလို အရေးအသားတွေ အကြား ကွာခြားမှုတွေ ရှိပါတယ်။ ကွာခြားမှုတွေ ရှိတယ်လို့ ဆိုလိုရာမှာ အပြာစာအုပ် တွေကို မကောင်းတာ အဖြစ် သတ်မှတ် လိုတာကြောင့် မဟုတ်ပါ။ ကျွန်တော် ကိုယ်တိုင်လည်း အပြာကား ကြည့်၊ အပြာ စာအုပ်ဖတ်တဲ့သူ တစ်ယောက် ဖြစ်တယ်။ ကျွန်တော် မေးခွန်းထုတ်လိုတာက ကျွန်တော်တို့ ဘာကြောင့် အပြာကား ကြည့်၊ အပြာစာအုပ် ဖတ်ကြသလဲ။ ရည်ရွယ်ချက်က ရှင်းပါတယ်၊ ကျွန်တော်တို့ တစ်ကိုယ်ရည် အာသာ ဖြေလိုတာကြောင့်၊ ကိုယ့်ရဲ့ မပြည့်ဝတဲ့ လိင်စိတ် ဆန္ဒတွေကို ဖြေဖျောက်ဖို့ အတွက် ဖြစ်တယ်။

ဒါပေမဲ့ Midnight blue ထဲက အရေးအသား တွေထဲ တွေ့ရှိရမယ့် လိင်ပိုင်းဆိုင်ရာ အရေး အသားတွေဟာ ခင်ဗျားကို သွေးသား ဆန္ဒတွေ ဖြစ်ပေါ်လာစေမှာ မဟုတ်ဘူး။ ပြောရရင် ခင်ဗျားဟာ လိင်စိတ်ထကြွနေတဲ့ အချိန်ဖတ်မိရင်တောင် ဘာတင်းမာမှုမှ မရှိတော့ဘဲ လိင်စိတ်တွေ လုံးဝပျောက်ဆုံး သွားနိုင်တယ်။ အဲဒီအစား အသူရာချောက် တစ်ခုတွင်း ပြုတ်ကျပြီး အဲဒီ ချောက် အမှောင်ထုထဲ အချိန် အတော်ကြာ လွင့်မျော နေသလို ခံစားရမှာ ဖြစ်တယ်။

ကျွန်တော်တို့ စာအုပ် ဘာကြောင့် ဖတ်ကြသလဲ။ ကိုယ့်ကိုယ်ကိုယ် ပြန်မေးကြည့်ပါ။ ဘဝကို တိုးတက်ချင်လို့၊ သင်ခန်းစာတွေလိုချင်လို့၊ ဆုံးမတာခံချင်လို့ စသည်ဖြင့် ဆိုရင်တော့ ဒီစာအုပ်ဟာ ခင်ဗျားနဲ့ ကိုက်ညီမှုရှိမှာမဟုတ်ဘူး။ Midnight Blue ဟာ ခင်ဗျားကို ဘဝသင်ခန်းစာတွေ၊ ဆုံးမစာတွေ၊ တိုးတက်အောင် ပြုပြင်မှုတွေ ပေးမှာမဟုတ်ဘူး။ အဲဒီအစား ဘဝမှာဘာကြောင့် အသက်ရှင်နေထိုင် နေရသေးတာလဲအတွက် မေးခွန်းထုတ်မှုတွေ၊ လူတစ်ယောက်ရဲ့ အတွင်းထဲက မကွယ်မဝှက်တမ်း ခံစားချက်တွေ၊ လူတစ်ယောက် (ဝါ) အမျိုးသမီး တစ်ယောက်ရဲ့ ချစ်ခြင်းအပေါ် ထားတဲ့ အမြင်တွေကို ခံစားရမှာ ဖြစ်တယ်။

ဒါက ကျွန်တော့်အမြင် သက်သက်ပါပဲ။ ခင်ဗျားတို့အနေနဲ့ ဖတ်ပြီးတဲ့အခါ ခင်ဗျားတို့ မြင်ချင်သလို မြင်ကြမှာပဲ။ အဲဒါကို ကျွန်တော့်အနေနဲ့ ဘာမှပြောပိုင်ခွင့် မရှိ။ လူဆိုတာ ကိုယ့်အတွေးနဲ့ကိုယ်၊ ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ်၊ ကိုယ့်လမ်းကိုယ်လျှောက် နေထိုင်သွားကြရ တာပဲမလား။ ကိုယ့်လမ်းကိုယ်လျှောက်ရင်း၊ လမ်းမှာ အမှတ်တမဲ့ ဆုံမိကြတဲ့အခါ အမုန်းတရားတွေ မရှိဘဲ ချစ်ခြင်းမေတ္တာတွေနဲ့ တစ်ယောက်ကို တစ်ယောက် ပြုံးပြဖို့ ဆန္ဒပြုလျက်။

မြတ်သန်း

၁၉၊ ၁၄၊ ၂၀၂၀

***

## ခြောက်ကမ်းပါးစွန်းမှာ

လူတွေဟာ ရေထဲတို့၊ ချောက်ကမ်းပါးထဲတို့ကို ခုန်ချသတ်သေသွားရင် ဖိနပ်တို့ဘာတို့လို သူတို့ပိုင်ပစ္စည်း တစ်ခုခုကို ချန်ထားရစ်တတ်ကြတာ ဘာလို့လဲ။ ကမ္ဘာပေါ်မှာ ငါတို့ ရှင်သန်ခဲ့ဖူးတယ်ဆိုတဲ့ သင်္ကေတမျိုးလား။

***

အန်နာက အိမ်ထဲကအထွက်မှာ သူ့ခြေထောက် တစ်ဖက်ကို ကြမ်းပြင်နဲ့ ဆောင့်ရင်း ကျနော့်ကိုပြောဖူးတယ်။ လှသန်းရဲ့ကဗျာထဲက စာကြောင်းတစ်ခုကို ဖိနပ်စီးတိုင်း သိပ်သတိရတယ်။ ငါ့ဖိနပ်ကငါ့ခံတပ်ပဲ… တဲ့။

May be … ကျနော်က ကဗျာတွေဘာတွေ မဖတ်လို့မသိဘူး။ စိတ်ကူးယဉ်ဆန်တယ်လို့ ထင်ရတာတွေကို ကျနော်မလုပ်ဘူး။

အန်နာကတော့ ကဗျာဖတ်တယ်၊ ပန်းချီဆွဲတယ်။ ဘာမှမလုပ်နေလည်းပဲ တိမ်တွေကိုကြည့်ပြီး စိတ်ကူးနဲ့ အရုပ်ဆွဲပစ်တယ်။ ကျနော့်အတွက်တော့ တိမ်တွေဆိုတာ တိမ်တွေပဲ။ ရေခိုးရေငွေ့အစုအဝေးပဲ၊ ဒီလောက်ပဲ။

အန်နာက ငရုတ်သီးမစား၊ ကျနော်ကရခိုင်သား။ အန်နာ့မှာ ရေမွှေးမရှိ၊ ကျနော့်မှာ branded ရေမွှေးချည်း ရှစ်ပုလင်းတိတိရှိ။ အန်နာက ဆံပင်တိုတိုညှပ်ထား၊ ကျနော်က ဆံပင်ရှည်ကို စည်းမိထား။ အန်နာက စီးကရက်သမား၊ ကျနော်က ပီကေဝါး။ အန်နာက ကဗျာတွေဖတ်၊ ကျနော်က စာရင်းတွေတွက်။

အန်နာ့မှာ ဖိနပ်တွေကလွဲရင် ကျန်တာသိပ်များများ မရှိလှဘူး။ ဖိနပ်တွေ

ကတော့ အသေစုတဲ့ကလေးမ။ အထူးသဖြင့် Sneakerတွေ။ သူ့ဖိနပ်တွေကို ဖိနပ်ထည့်တဲ့ ကော်ပုံး အကြည်လေးတွေနဲ့ သေသေသပ်သပ်ထည့်ပြီး ထပ်စီထားတတ်တယ်။ ကျနော်က သူ့ဖိနပ်တွေမှာ တချို့ဟာတွေဆို ဆင်တူလိုမျိုးကို ဖြစ်နေတတ်လို့ နင့်ဖိနပ်တွေက ဘာမှလည်း သိပ်မကွာပါလားလို့ ပြောတော့ ငါ့အကြိုက်က မပြောင်းလဲလှလို့ပေါ့လို့ သူပြန်ပြောဖူးတယ်။

ဒီလောက်မတူကြပေမဲ့ ကျနော်တို့က အေးဆေးပဲ။ ရန်ဖြစ်ပြီး လုယက်နေစရာ ဘာညာလည်း ဘာမှမရှိဘူးလေ။ ဘယ်လောက်အထိ ကျနော်တို့က အေးဆေးကြသလဲ ဆိုရင် တခြားတစ်ယောက်နဲ့ အတူနေရလို့ စိတ်အနှောင့်အယှက် ဖြစ်လေမလား ဘာညာအထိ မတွေးမိလောက်အောင်ကို ကျနော်နဲ့အန်နာဟာ တစ်သားတည်း။ ဆောရီး အန်နာဟာ ကျနော့်အတွက် တစ်သားတည်း ဖြစ်နေတာမျိုးပေါ့။ သူ့ခံစားချက်တော့ ကျနော် မမေးဖူးခဲ့ဘူးကိုး။

အန်နာဟာ ကျနော့်ဆံပင်တွေကို လျှော်ပေး၊ ပြီးကျရင် စိတ်ရှည်လက်ရှည် ဖြီးပေးတတ်တယ်။ ပခုံးကျော်ကျော်လောက်မှာ အမြဲပုံကျကျ ရှိနေဖို့ကိုလည်း ဂရုတစိုက် ညှပ်ပေးတတ်တယ်။ အန်နာဟာ ငရုတ်သီးမစားပေမဲ့ ကျနော့်အတွက် ငါးငရုတ်သီးချက်ကို သူ ကောင်းကောင်းကြီး ချက်ပေးတတ်တယ်။

အလုပ်ထဲ စိတ်ဖိစီးလာရင် အန်နာက ကျနော့်ပခုံးတွေကို ညှစ်ဆုပ်ပြီး နှိပ်နယ်ပေးတတ်တယ်။ သူ့အသံရှရှကလေးနဲ့ မျက်စိမှိတ်ထားနော်… Relaxဆိုပြီး ကျနော့်ဆံပင်တွေ ကြားထဲကို လက်ချောင်းလေးတွေနဲ့ ဖွဖွနှိပ်နယ်တဲ့အခါ တင်းကျပ်နေသမျှ စိတ်အစဉ်ကို ပြေလျော့ သွားစေတယ်။ အန်နာ့ရင်ခွင်ထဲမှာ မျက်လုံးတွေကိုမှိတ်ပြီး အန်နာ့ ရင်သားတွေကို ဖိညှစ်လိုက်တိုင်း၊ နမ်းရှုံ့လိုက်တိုင်း ကျွန်တော့်ကိုပြုံးပြီး ငါက နင့်အတွက် stress

ballတဲ့။ ပြီးရင် ကျနော့်ခေါင်းတွေကို သူ့ရင်ထဲပွေ့ဖက်ပြီး ခပ်ဖွဖွလေး ရယ်နေတတ်ပြန်တယ်။

ကျနော် မမေ့မလျော့ လုပ်ရတာဆိုလို့ ကျနော် အန်နာ့အတွက် စီးကရက်ဘူးတွေကို သူ့ဆီသွားတိုင်း ဝယ်သွားပေးရတာပဲ ရှိတယ်။ အန်နာဟာ သူဘာလိုအပ်တယ်၊ ဘာလိုချင်တယ်၊ ဘာဖြစ်နေတယ် ဘာဆိုဘာမှ ကျနော့်ကို ပူဆာလေ့မရှိဘူး။ ကြိုတင်ချိန်းဆိုပြီး ကျနော်လာလာ၊ သူမရှိတုန်းပဲ ကျနော်ရောက်နေနေ အန်နာဟာ ကျနော့်ကိုတွေ့တိုင်း နွေးနွေးထွေးထွေး ပြုံးပြခဲ့တာချည်းပဲ။

ကျနော် လက်ထပ်တော့မယ့် အကြောင်းကို ပြောပြတော့လည်း အန်နာက ပြုံးပြုံးလေးပဲ။ သူ့ထုံးစံအတိုင်း စီးကရက်တွေဖွာရင်း ငြိမ်ငြိမ်ကလေး နားထောင်တယ်။ ကျနော်လက်ထပ်မယ့် အမျိုးသမီးက ကျနော်တို့ အလုပ်နယ်ပယ်ဘက်ကပဲ။ ကျနော့်မိဘတွေ အရွယ်ရလာတော့ လက်ထပ်ရမယ်၊ မျိုးဆက်ရှိရမယ် ဘာညာနဲ့ပြောပြီး အမျိုးကောင်းသမီး သုံးလေးယောက်နဲ့ ဆုံလာပေးတဲ့ အထဲက သူ့ကိုရွေးဖြစ်ခဲ့တာ။

ကျနော်က ကိုယ်ဘာကြိုက်တတ်လဲ ဆိုတာကို သေသေချာချာ သိတယ်။ ကျနော့်အမျိုးသမီး ဖြစ်လာမယ့် ကောင်မလေးက သာမန်ပဲ။ ကျနော် စဉ်းစားသေးတယ်၊ အန်နာ့ကိုကျနော်နဲ့ လက်ထပ်မလားလို့ မေးဖို့။ ဒါပေမဲ့ ကျနော့်ကိုယ်ကျနော် အရင်မေးကြည့်တော့ ကျနော်ဟာ အန်နာ့ကို လက်မထပ်ချင်ဘူး။ ကျနော်လိုချင်တာဟာ အန်နာ့ဆီက စိတ်လက် ငြိမ်းချမ်းမှုတွေပဲ၊ မိသားစုမဟုတ်ဘူး။

အန်နာဟာ သူဆွဲထားတဲ့ ပန်းချီကားတစ်ချပ်ကို ကျနော့်အတွက် လက်ဆောင်ရယ်လို့ ပေးလာတယ်။ ဒါဟာ သူနဲ့အတူရှိဖူးတဲ့ နှစ်ကာလတွေအတွင်း ပထမဆုံးပေးဖူးတဲ့ ရုပ်ဝတ္ထုလက်ဆောင်ပဲ။

ပန်းချီကားတွေ အကြောင်းကို ကျနော်နားမလည်ပါဘူး။ နက်ပြာရောင်နဲ့ ခရမ်းပြာရောင်တွေ များများပါတဲ့ ရေဆေးပန်းချီကား တစ်ချပ်ပါပဲ။ ပန်းချီကားထဲမှာ နောက်ကျောခိုင်းထားပြီး မျက်နှာတစ်ခြမ်းစောင်းနဲ့ ဆံပင်ရှည်ရှည်နဲ့ အမျိုးသားလို့ထင်ရတဲ့ မျက်နှာတစ်ခုပါတယ်။ ငါ့ပုံဆိုလည်း ငါ့ဓာတ်ပုံဖြစ်ဖြစ်၊ ငါ့ကိုဖြစ်ဖြစ် ကြည့်ဆွဲမှပေါ့လို့ ပြောတော့ အန်နာပြုံးပြီး ခေါင်းခါတယ်။ သူ့မှုပိုင် နွေးထွေးလင်းမြနေတဲ့ အပြုံးပါပဲ။

***

အန်နာက ကျနော့်ကို သူအသစ်ဝယ်လာတဲ့ sneaker ဖိနပ်ကလေး တစ်ရန်ပြတယ်။ လှတယ်...။ ချစ်စရာလေးပါပဲ။ သူ့အကြိုက်အတိုင်း အဖြူရောင်ကို အခြေခံထားတဲ့ ဒီဇိုင်းနဲ့ပဲပေါ့။

***

‘နင် မင်္ဂလာမဆောင်ခင် ငါတို့ ခရီးတစ်ခုလောက် အတူသွားရအောင်’ ဆိုတာနဲ့ပဲ ကျနော်တို့ ဒီတောင်စခန်း မြို့ကလေးကို ရောက်လာခဲ့တာ။ ဒီနေရာကို အန်နာက သူ့ဟာသူရှာဖွေပြီး သူ့ဟာသူ ကားလက်မှတ်ဝယ်၊ ဘာညာ အရာရာကို သူ့ဟာသူ စီစဉ်လာခဲ့တာ။ ကျနော်တို့တည်းရတဲ့ သစ်လုံး ဘန်ဂလိုလေးကနေ သိပ်မဝေးတဲ့နေရာမှာ ချောက်ကမ်းပါးစွန်း တစ်ခုရှိပြီး အဲဒီကနေ မနက်ခင်း တိမ်ပင်လယ် တစ်ခုကို View pointလို့ မြင်ရတယ်။

သူ အသစ်ဝယ်ထားတဲ့ ဖိနပ်ကလေးကိုစီးလို့ ကျနော်တို့ ထရက်ကင်တွေ လျှောက်တယ်၊ တောင်ပေါ်တွေတက်တယ်၊ နေကြာရိုင်းတွေကြားထဲ သူက ပန်းချီဆွဲတယ်။ အရက်အတူ သောက်တယ်။ အရူးအမူး လိင်ဆက်ဆံတယ်။ ငါ နင့်ဆီကိုနောက်ဆို မရောက်ဖြစ်တော့ရင် နင့်ကိုယ်နင် ဂရုစိုက်နော်လို့ ကျနော်ကမှာတော့ အန်နာ စောက်ဂရုမစိုက်ဘူး။ အဲဒီအချိန်မှာ ကျနော့် လည်ပင်းကို မာကင်ရာတွေပေးဖို့ပဲ သူ အလုပ်ရှုပ်နေခဲ့တယ်။

အန်နာဟာ အိပ်ရာခင်းဖြူဖြူပေါ်မှာ သူ့ခြေထောက်နှစ်ချောင်းကို ထောင်လျက်သား ချိတ်ထားပြီး ဝတ်လစ်စားလစ်နဲ့ စီးကရက် သောက်နေခဲ့တယ်။ လိင်ဆက်ဆံပြီးတိုင်း သူ့မှာ အသက်ရှူဖို့ အောက်ဆီဂျင်ကို လိုအပ်နေသူလိုမျိုး Cigarette after sex ဆိုပြီး စီးကရက်ကို ချက်ချင်း ထဖွားတတ်တယ်။

စစ်သူကြီးတွေဟာ သူ့ခံတပ်ကို သူစစ်ရှုံးမှ၊ ဒါမှမဟုတ် သူသေသွားမှ စွန့်ခွာတတ်ကြတာလို့ ကျနော့်ကို စီးကရက်တွေ ဖွာနေရင်းက လှမ်းပြောတယ်။

အန်နာဟာ ခပ်ကြောင်ကြောင်ပဲ ...။

***

ချောက်ကမ်းပါးစွန်းမှာ စီစီရီရီကလေး ချွတ်ပြီး ချန်ထားခဲ့တဲ့ ဖိနပ်နှစ်ဖက်ဟာ သူ့ခံတပ်ကို အန်နာက စွန့်ခွာခဲ့ပြီ ဖြစ်ကြောင်းကို ပြောပြနေခဲ့ပါတယ်။

***